စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ဝေသည်

myantrade

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၆/၂၀၁၉**

**၂၀၁၉ ခုနှစ်၊ ဖွန်လ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- မြန်မာ့ဆန်စပါးဈေးကွက် ပြန်လည် ခေါင်းထောင်လာနိုင်ဖို့
- ဇော်ဘာအခွင့်အလမ်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည့် စီမံကိန်းစတင်
- ဆီထွက်သီးနှံစိုက်မည့် တောင်သူများကို မျိုးစေ့နှင့် ဈေးကွက်အာမခံချက်ရရှိရေး ပံ့ပိုးမည်
- စစ်ကိုင်းတိုင်းအတွင်း GAP နည်းဖြင့် ဖရဲ၊ သခွားမွှေး ဧက ၁၀၀၀ ခန့် စိုက်
- ချင်း(ဂျင်း) စိုက်ပျိုးမှုစီမံချက် အောင်ပန်းနှင့်ကလောတွင် အကောင်အထည်ဖော်

**နိုင်ငံတကာဈေးကွက်**

- ဖိလစ်ပိုင်ဆန်တင်သွင်းမှု တန်ချိန် တစ်သိန်း ကျဆင်းမည်ဟု USDA ခန့်မှန်
- ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေ
- အိန္ဒိယက တောင်သူထောက်ပံ့ရေးအတွက်ဂျုတင်သွင်းခွန်ကို တိုးမြှင့်

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ရာသီပေါ် သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုအပေါ် မူတည်ပြီး ပြောင်းလဲသတ်မှတ်
- တောင်ကိုရီးယားနိုင်ငံသို့ ရွဲယိုသီးဖျော်ရည်တင်ပို့ဖို့ စက်ရုံတည်ဆောက်
- ပြည်ပရင်းနှီးမြှုပ်နှံသူများက တန်ဖိုးမြင့် နာနတ်သီးထုတ်ကုန်ထုတ်လုပ်ဖို့ စိတ်ဝင်စား
- သစ်သီးဝလံ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာ့ရေတ်သီးကို ထိုင်းနိုင်ငံကိုစတင် တင်ပို့
- မှိုခြောက်မှုန့်များကို ပြည်ပသို့တင်ပို့ရန် ဂျပန်ကုမ္ပဏီနှင့် MoU ရေးထိုး
- ရေငန်ငါးများ မွေးမြူပြီး ဥရောပသို့ တင်ပို့နိုင်ပါက ဈေးကွက်အားကောင်းလာနိုင်
- မြန်မာ့နမ်းကို အဆင့်မြှင့်စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပဈေးကွက် တင်ပို့

**အထူးဆောင်းပါးများ**

- တရုတ်က မြန်မာ့ပြောင်း မကြာမီပြန်လည်ဝယ်ယူမည်
- ဈေးကွက်ခိုင်မာမှုရှိသောသီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန်ပွင့်လင်းစွာချပြအသိပေးရန်နှင့်ဈေးကွက်ဝင်စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ဆောင်ရွက်ပေးရန်အဆို ပြည်သူ့လွှတ်တော်သို့တင်သွင်း

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၇၁၂၄၃
၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆
http://www.trade.gov.mm
myantradetir2016@gmail.com

# ပြည်တွင်းဈေးကွက်

## မြန်မာ့ဆန်စပါးဈေးကွက် ပြန်လည် ခေါင်းထောင်လာနိုင်ဖို့

အခုတလော မြန်မာ့ဆန်ဈေးကွက်မှာ နွေစပါးသစ်ပေါ်နေတာနဲ့ စိုက်ဘဏ်ချေးငွေ ပြန်ဆပ်ရေးတွေကြောင့် အဝယ်ထက်အရောင်းပိုများပြီး ဈေးတွေကျနေပါတယ်။ တချိန်တည်းမှာပဲ တရုတ်နယ်စပ်က အဖမ်းအဆီး ထိန်းချုပ်မှုတွေကြောင့် မူဆယ်မှာ ပိတ်နေတဲ့ မြန်မာ့ဆန်တွေကလည်း တန်ချိန် သောင်းချီ ရှိနေပါတယ်။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ဒီကိစ္စကို အမြန်ဆုံးဖြေရှင်းနိုင်ဖို့ အခုမေလ တတိယပတ်ထဲမှာ ယူနန်က အာဏာပိုင်တွေနဲ့ တွေ့ဆုံမယ်လို့ သတင်းတွေမှာ ဖော်ပြပါတယ်။ ပြေလက နားလည်မှုစာလွှာ ထိုးထားတဲ့ ပုံစံအရ ကုန်စည်ဖလှယ်တဲ့ စနစ်နဲ့ တရားဝင်အခွန်ဆောင်ပြီး တရုတ်ကို ရောင်းချနိုင်ဖို့ ဆွေးနွေးမယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် ဆန်စပါးအသင်းချုပ် ဥက္ကဌရဲ့ ပြောဆိုချက်အရ ဘယ်နိုင်ငံနဲ့ဖြစ်ဖြစ် စပါးကိုတရားဝင် ဝယ်ယူဖို့ကမ်းလှမ်းလာရင် ပြည်တွင်းစားသုံးမှုနဲ့ ပိုလျှံမှုတွေကို သုံးသပ်ပြီး တင်ပို့ခွင့်ရအောင် ဆောင်ရွက်မယ်လို့ သိရပါတယ်။ စီးပွားကူးသန်းက တာဝန်ရှိသူတစ်ဦးကလည်း အချိန်ကာလနဲ့ အရေအတွက်ပမာဏကို ထိန်းပြီး စပါးတင်ပို့ခွင့် တရားဝင်ဖွင့်ပေးဖို့ ရှိတယ်လို့ဆိုပါတယ်။ ဒါမှသာ ကျဈေးဖြစ်နေတဲ့ မြန်မာ့ဆန်စပါးဈေးကွက်ကို တစ်ဖက်တစ်လမ်းက နာလန်ပြန်ထူနိုင်အောင် ထိန်းပေးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ မြန်မာ့ဆန်တင်ပို့မှုကလည်း ဘဏ္ဍာနှစ်စ အောက်တိုဘာလကနေ မေလဆန်းအထိမှာ တန်ချိန် ၁ ဒသမ ၃ သန်းကျော်ပဲ တင်ပို့နိုင်ခဲ့ပြီး မနှစ်ကနဲ့ယှဉ်ရင် ပမာဏရော၊ ဝင်ငွေအရပါ လျော့ကျနေတယ်လို့ သိရပါတယ်။

Source:https://www.facebook.com/gromaxxmyanmar/posts/321693001857344?__tn__=K-R

## ရော်ဘာအခွင့်အလမ်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည့် စီမံကိန်းစတင်

ကရင်ပြည်နယ်အတွင်း ရော်ဘာကဏ္ဍအခွင့်အရေးမြှင့်တင်ရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည့် စီမံကိန်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ စီမံကိန်းကို စိုက်ပျိုးရေးဦးစီးဌာန၊ Care Myanmar နှင့် ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး သင်တန်းများပေးခြင်း၊ နည်းပညာရရှိ သုံးစွဲနိုင်အောင် ပံ့ပိုးပေးခြင်း၊ တန်ဖိုးမြှင့်ရော်ဘာထုတ်လုပ်နိုင်ရန် ပံ့ပိုးပေးခြင်းတို့ ပါဝင်မည်ဟု သိရသည်။ "ရော်ဘာနဲ့ပတ်သက်လို့ အလားအလာကောင်းတွေရှိတယ်ဆိုပေမယ့် အရည်အသွေးပိုင်းမှာတော့ အားနည်းတာတွေရှိတယ်။ အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်နိုင်မယ်ဆိုရင် စီးပွားဖြစ်လာမှာဆိုတော့ စီမံကိန်းကနေ ဒီကဏ္ဍတိုးတက်ဖို့ မျှော်လင့်ပါတယ်" ဟု ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က ပြောသည်။ ပြည်နယ် ရော်ဘာစိုက်ပျိုးမှုသည် မြန်မာတစ်နိုင်ငံလုံးတွင် တတိယအများဆုံးနှင့် ဒုတိယအထွက်နှုန်း အများဆုံးဖြစ်ခြင်းကြောင့် စီမံကိန်းဖော်ဆောင်ခြင်းဖြင့် စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးပွားစေရန် အထောက်အပံ့ပေးနိုင်မည်ဟု ပြောသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ရော်ဘာအရည်အသွေးပေါ်မူတည်ပြီး ဈေးကွက်ရရှိရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဘုတ်အဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေပြီး အဖွဲ့ဝင်ဖြစ်လာပါက မျိုးနှင့်နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များရရှိမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "ရော်ဘာကနေ ထုတ်လုပ်တဲ့ ပစ္စည်းတွေ အရည်အသွေးပိုမိုကောင်းမွန်လာအောင်၊ ရော်ဘာကြိတ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်လာနိုင်အောင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုပြီးတော့ အရေးပါလာပါတယ်။ ရော်ဘာနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းကိုလည်း အသင်းဝင်အဖြစ်နဲ့ ဝင်ရောက်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါတယ်။ ရော်ဘာလုပ်ငန်းစဉ်တွေမှာ တောင်သူတစ်ဦးချင်း လုပ်နေမယ်ဆိုရင် အရည်အသွေးတွေဟာ မတူညီနိုင်ဘူး။ ရော်ဘာအရည်အသွေး တူညီနိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဦးဆောင် ဆောင်ရွက်တဲ့လုပ်ငန်းမျိုးကို တွန်းအားပေးပြီး ဆောင်ရွက်သွားမှာပါ"ဟု ၄င်းကပြောသည်။ ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိပြီး ထိုထဲမှ သံတောင်ကြီးမြို့နယ်တွင် စိုက်ဧက ၇၄၀၀၀ ကျော်၊ အစေးလှီးဧက ၅၂၀၀၀ ကျော်ရှိကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ပေါင် ၃၇၀၀၀ ခန့်ရှိကြောင်း သိရသည်။ မြန်မာ့သဘာဝရော်ဘာကို ရော်ဘာအရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းမှ အသိအမှတ်ပြု လက်မှတ် များ ထုတ်ပေးနေပြီဖြစ်၍ ပြည်ပဈေးကွက် ထိုးဖောက်ရေးအတွက် အထောက်အပံ့ဖြစ်လာမည်ဖြစ်သည်။ ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ပြီး ထိုင်း၊ မလေးရှားနှင့် ဂျပန်သို့ တင်ပို့ကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ရန်ကုန်ရှိ တာယာစက်ရုံများမှ အများဆုံး ဝယ်ယူကြောင်း သိရသည်။

Source: https://www.thefarmermedia.com/news/12997

## ဆီထွက်သီးနှံစိုက်မည့် တောင်သူများကို မျိုးစေ့နှင့် ဈေးကွက်အာမခံချက်ရရှိရေး ပံ့ပိုးမည်

ဆီထွက်သီးနှံအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တောင်သူများကို မျိုးစေ့၊ နည်းပညာနှင့် ဈေးကွက်အာမခံချက်များ ပံ့ပိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင် များအသင်းမှ သိရသည်။

အဆိုပါအသင်းမှ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးဒေသ၌ လာမည့်မိုးရာသီတွင် (မြေပဲ၊ ပဲပုပ်၊ နှမ်း၊ နေကြာ) စိုက်ပျိုးနိုင်ရန် လိုအပ်ချက်များပံ့ပိုးပေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်တွင် မိုးကြိုသီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ စိုက်ပျိုးထားရှိမှု အခြေအနေ ကွင်းဆင်းလေ့လာခြင်း၊ ဆောင်းမြေပဲအတွက် စိုက်ပျိုးနိုင်မည့် မြေကေများ စာရင်း ကောက်ယူခြင်းနှင့် အကျိုးတူပူးပေါင်း စိုက်ပျိုးမည့်စာရင်းကောက်ယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ သူကောင်းတည်မြစ်ရေတင် စီမံကိန်း နယ်မြေတွင် တောင်သူများနှင့် လက်ရှိအကျိုးတူစိုက်ပျိုးထားသည့် မြေပဲစိုက်ခင်း ၃၀ ဒသမ ၅ ဧက ရိတ်သိမ်းခြင်းနှင့် လာမည့်ရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးအပြင် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဟု သိရသည်။ " တောင်သူတွေနဲ့ ကန်ထရိုက်စနစ်ဖော်ဆောင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နေတယ်။ ပူးပေါင်းချင်ရင်လည်းအသင်းကို ဆက်သွယ်နိုင်တယ်။ လိုအပ်တာတွေကို အသင်းဘက်ကနေ ပံ့ပိုးကူညီပေးမှာဖြစ်တယ်။ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးဖို့ဆိုရင် တောင်သူတွေရဲ့ ပူးပေါင်းလိုအားက အရေးကြီးတယ်"ဟု မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌက ပြောသည်။ ဆီထွက်သီးနှံ စီမံကိန်းများ ဖော်ဆောင်ခြင်းဖြင့် တောင်သူများအကြား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအပြင် ရိတ်သိမ်းချိန်လွန်နည်းပညာများလည်း ပိုမိုတိုးတက်လာမည်ဟု ပြောသည်။ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းထွန်းဦးက "ဆီထွက်သီးနှံ ကဏ္ဍဖွံ့ဖြိုးဖို့ဆိုရင် မျိုးစေ့၊ စက်ကိရိယာ၊ နည်းပညာစတဲ့ သွင်းအားစုတွေနဲ့ ပေါင်းစပ်လိုက်ရင် တစ်ဧက တင်း ၁၀၀ ရည်မှန်းချက်ကို အောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုအောင်မြင်လာအောင်လည်း ပံ့ပိုးပေးရမှာပေါ့။ မြေပဲစိုက်ချင်တဲ့ တောင်သူတွေအရမ်းများလာတော့ မျိုးပေးနိုင်အောင် အခုလိုစိုက်ကွင်းတွေနဲ့ စိုက်နေသလို စီမံချက်အနေနဲ့လည်း အကျိုးတူပူးပေါင်းစိုက်ပျိုးနေတယ်"ဟု ပြောသည်။ ဆီထွက်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအတိုင်းတင်ပို့နေသူများ နည်းတူ ပြည်တွင်းဆီစက် လုပ်ငန်းရှင်များ လုံလောက်စွာဝယ်ယူသိုလှောင်နိုင်ရန်၊ ဈေးငွေရရှိရန် ဆောင်ရွက်ခြင်း၊ အစေ့အဆံ အလိုက်နိုင်ငံခြားသို့ တင်ပို့နေသူများနှင့် ဈေးပြိုင်ဝယ်ယူနိုင်ရန် ငွေကြေးရန်ပုံငွေထားရှိခြင်း၊ ကြိတ်ခွဲမှုလုံလောက် စေရန် ဆီစက်များမြှင့်တင်ခြင်း၊ ကုန်ကြမ်းသီးနှံများပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းခြင်းကို ထိန်းညှိဝယ်ယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်အသင်းက ပြည်တွင်းဆီနှင့်ဆီထွက်သီးနှံဖူလုံရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးမီ စားသုံးဆီများထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ပြည်တွင်း ဆီစက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး၊ တောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာကောင်းများရရှိရေး၊ စွမ်းအားပြည့် စက်ကိရိယာများ သုံးစွဲနိုင်ရေး၊ ထိရောက်သောသွင်းအားစုများ သုံးစွဲနိုင်ရေးအတွက် ပံ့ပိုးပေးလျက်ရှိသည်ဟု သိရသည်။ လက်ရှိမြန်မာနိုင်ငံအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှုစာရင်းများအရ ပြည်တွင်းစားသုံးမှု လုံလောက်စေနိုင်သည့် စိုက်ပျိုးမြေဧရိယာရှိသော်လည်း လက်တွေ့တွင် စားသုံးဆီမလုံလောက်သော အခြေအနေများကြောင့် စားအုန်းဆီကို ပြည်ပမှ နှစ်စဉ် ဒေါ်လာ သန်း ၇၀၀ နီးပါး တင်သွင်းနေရခြင်းကို လျှော့ချနိုင်ရန် ဆီထွက်သီးနှံစီမံကိန်းများ ဖော်ဆောင်ရန် လိုအပ်နေသည်။ ဆီထွက်သီးနှံများ ပြည်ပတင်ပို့နိုင်ရေးအတွက် အားနည်းချက်များမှာ ဆီအုန်းကဲ့သို့ ထုတ်လုပ်မှုပမာဏများပြားသောသီးနှံမဟုတ်ခြင်း၊ စိုက်ပျိုးစနစ်၊ နည်းပညာ၊ သွင်းအားစုဆိုင်ရာများတွင် ရင်းနှီးမြှုပ်နှံမှု အားနည်းနေခြင်းတို့ကြောင့် အထွက်နှုန်းနည်းပါးနေခြင်း၊ ထွက်ရှိသောသီးနှံများကို လေလွင့်မှုမရှိအောင် ထိန်းသိမ်းနိုင်မည့် သိုလှောင်ရုံစနစ်များအားနည်းနေခြင်း၊ ဈေးကောင်းရရှိစေရန် ဘေးအန္တရာယ်ကင်းသော အစားအစာထုတ်လုပ်မှုနည်းစနစ်များ ကျင့်သုံးမှုအားနည်းခြင်း၊ ကုန်ချောထုတ်လုပ်တင်ပို့ခြင်းထက် ကုန်ကြမ်းအတိုင်းသာ တင်ပို့နေခြင်းတို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် လူတစ်ဦးချင်း ဆီစားသုံးမှုနှုန်းမှာ ခြောက်ပိဿာခန့်ရှိနေပြီး လူဦးရေ ၅၆ သန်းဖြင့် တွက်ချက်ပါက စားသုံးဆီတန်ချိန် ၅ ဒသမ ၆ သိန်းလိုအပ်ကြောင်း၊ သို့သော် ပြည်တွင်း၌ စားသုံးဆီတန်ချိန် သုံးသိန်းဝန်းကျင်သာ ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပမှစားအုန်းဆီတန်ချိန် နှစ်သိန်းကျော် တင်သွင်းရလျက်ရှိကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။

Source: https://www.thefarmermedia.com/news/12989

## စစ်ကိုင်းတိုင်းအတွင်း GAP နည်းဖြင့် ဖရဲ၊ သခွားမွှေး ဧက ၁၀,၀၀၀ ခန့် စိုက်

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ဖရဲ၊ သခွားစိုက် တောင်သူများအတွက် GAP သင်တန်း ခေါင်းဆောင်များ စီမံကိန်းကို ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်အတွင်း အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်း ဒေသ ကြီး၊ ဖရဲ၊ သခွားမွှေး အသင်းမှ သိရသည်။ အဆိုပါ စီမံကိန်းအရ ချောင်းဦး၊ မြောင်၊ ရေစကြိုနှင့် ထီးချိုင့်မြို့နယ်ရှိ ဖရဲ၊ သခွားမွှေး တောင်သူများအား သင် တန်းများ ပို့ချခြင်းနှင့် GAP နည်းဖြင့် ဖရဲ ဧက ၅၀၀၀ နှင့် သခွားမွှေး ဧက ၅၀၀၀ ခန့် စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးအသင်း ဥက္ကဌ ဦးစိုးလွင်က " သခွားမွှေး GAP ဖုန်အတွက် အခွင့်အလမ်း ဆောင်ရွက်ပေးနိုင်ဖို့ဆိုရင် တစ်ကွင်းတစ်စပ်ထဲ စုပေါင်းစိုက်ထုတ် နိုင်ဖို့ မြေနေရာ၊ သွင်းအားစု ရရှိတာနဲ့ လိုအပ်တဲ့ မျိုးစစ်မျိုးမှန်နဲ့ တခြားသွင်းအားစု ပံ့ပိုးမှု အခွင့်အလမ်းဈေးကွက် တန်ဖိုးမြင့် GAP အဆင့်ဖြစ်အောင် ဖော်ဆောင်ပေးရေး အစီစဉ်တွေ ချမှတ်ထားတယ် " ဟု ပြောသည်။ GAP နည်းဖြင့် ဖရဲ၊ သခွားမွှေး စီမံကိန်းကို စစ်ကိုင်းတိုင်း ဒေသကြီးတွင်သာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖော်ဆောင်နိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်မည်ဟု ၎င်းက ဆက်လက်ဆိုသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ဖရဲ၊ သခွားမွှေးများကို တရုတ်နိုင်ငံ ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချနေသည့်အပြင် အခြားပြည်ပဈေးကွက်များသို့လည်း တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ဟောင်ကောင်၊ မလေးရှား၊ စင်္ကာပူ စသည့် နိုင်ငံများသို့လည်း အနည်းငယ် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဖရဲ၊ သခွားမွှေးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြသလို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံ ဈေးကွက်သာမက နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်ရန်အတွက် စိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျင့်သုံးစိုက်ပျိုးရန် လိုအပ်ပြီး အသိ အမှတ်ပြု လက်မှတ်များလည်း လျှောက်ထား ရယူရန် လိုအပ်နေသည်။ ထို့ပြင် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီ၍ ဒေသရေမြေ ရာသီဥတုနှင့် သင့်တော်သော မျိုးကောင်း၊ မျိုးသန့်များ အသုံးပြုရန်လိုအပ်ပြီး စိုက်ပျိုးမည့် သီးနှံမျိုးနှင့် စိုက်ပျိုးနည်းစနစ်များ၊ ပိုးသတ်ဆေး အသုံးပြုမှုများ အနည်းဆုံး ဖြစ်သင့်ကာ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေနိုင်သည့် နည်းစနစ်များနှင့် တွဲဖက်အသုံးပြု ဆောင်ရွက် ရမည်ဟု စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်အသိပေးထားသည်။

Source:http://www.amiamyanmar.com/detail.aspx?

## ချင်း (ဂျင်း) စိုက်ပျိုးမှုစီမံချက် အောင်ပန်းနှင့် ကလောတွင် အကောင်အထည်ဖော်

ရှမ်းပြည်နယ်တောင်ပိုင်းရှိ အောင်ပန်းနှင့် ကလောမြို့နယ်များတွင်း ချင်း(ဂျင်း) စိုက်ပျိုးမှု စီမံချက်ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်သွားရန်ရှိကြောင်း ချင်း(ဂျင်း)စိုက်ပျိုး ထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းစုမှ သိရသည်။ အဆိုပါလုပ်ငန်းစုမှ ဈေးကွက်ရှာဖွေရေးနှင့် စီမံကိန်းမန်နေဂျာ ကိုစိုင်းမိုးသွင်းက " ကိုယ့်ပွဲရုံကို လာရောင်းနိုင်မယ့်တောင်သူတွေနဲ့ချိတ်ဆက်တာ၊ နည်းပညာကူညီတာအပြင် လိုအပ်ရင် ငွေကြေးကူညီတာတွေ၊ သီးနှံထွက်လာရင်လည်း အနိမ့်ဆုံးဈေးအောက်မကျအောင်ဝယ်ပေးတာတွေကို လုပ်ငန်းစီမံချက်ရေးဆွဲပြီးတော့ ဘယ်လိုအကောင်အထည်ဖော်မလဲ ဆိုတာ ချမှတ်သွားမယ်။ စလုပ်တဲ့ အချိန်မှတော့ ကျေးရွာအများကြီး လုပ်နိုင်မှာမဟုတ်ဘူး။ တစ်ပိုင် တစ်နိုင်ပေါ့ ရွေးချယ်ဆောင်ရွက်မယ့်ကျေးရွာကလည်း လမ်းပန်းဆက်သွယ်ရေးကောင်းမှ အဆင်ပြေ မယ်။



ဒီလိုလုပ်ပေးတာကနေ အောင်မြင်လာရင် နောက်ပိုင်းမှာ ကုန်သည် အများစုပါဝင်လာတဲ့အထိ ရည်ရွယ်လုပ်ဆောင်သွားမယ်"ဟု ပြောသည်။ အဆိုပါ စီမံချက်တွင် တောင်သူများကို စုစည်းခြင်း၊ ကျေးရွာအရောက်စိုက်ပျိုးထုတ်လုပ်မှုကို ကွင်းဆင်းလေ့လာခြင်း၊ ချင်း(ဂျင်း)တန်ဖိုးမြင့်ထုတ်လုပ် ခြင်းကို ချိတ်ဆက်လေ့လာခြင်း၊ ပြည်ပတင်ပို့နေသည့် ချင်း(ဂျင်း) အမျိုးအစားအလိုက် စိုက်ပျိုးနိုင်စေရန် ပံ့ပိုးခြင်းတို့ ပါဝင်မည်ဟု သိရသည်။ ထိုစီမံကိန်းမှ စိုက်ပျိုးစရိတ် ငွေကြေးအပြင် နည်းပညာနှင့် မျိုး အကူအညီများ၊ ပညာပေးမှုများ၊ ဈေးကွက်ရှာဖွေရေးနှင့် လိုအပ်ပါက အခြားပံ့ပိုးမှုများ ဆောင်ရွက်ရန် စီစဉ်ရေးဆွဲလျက် ရှိသည်ဟု သိရသည်။ "တောင်သူတွေနဲ့ တွေ့ရင်တော့ သူတို့ရဲ့အခက်အခဲတွေ သိလာနိုင်မယ်။ သူတို့ဆီက အကြံပြုချက် တွေယူမယ်။ တောင်သူတွေဘက်ကလည်း ပါဝင်လာဖို့လိုအပ်တယ်။ ပါဝင်လာအောင်လည်း ကျေးရွာအရောက် ကွင်းဆင်း တာတွေ လုပ်သွားမယ်" ဟု ၎င်းလုပ်ငန်းစုမှ သုတေသနတာဝန်ခံ ဦးစိုင်စိုးလုံက ပြောသည်။

မြန်မာနိုင်ငံတွင် ချင်း(ဂျင်း)ကိုနေရာအနှံ့အပြား စိုက်ပျိုးနေသော်လည်း ရှမ်းပြည်နယ်တောင်ပိုင်းထွက် ချင်း(ဂျင်း) သည်ပို၍အရည်အသွေးကောင်းမွန်မှုရှိကြောင်းနှင့် အောင်ပန်းနှင့် ကလောမှထွက်ရှိသည့် ချင်း(ဂျင်း) များကို ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားမြို့ဈေးကွက်များအပြင် ပြည်ပဈေးကွက်များသို့ ပုံမှန်တင်ပို့ လျက်ရှိနေသည်။ မြန်မာနိုင်ငံက ထွက်ရှိသောချင်း (ဂျင်း)ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ စင်ကာပူ၊ တရုတ်၊ ထိုင်း၊ ယူအေအီး၊ သီရိလင်္ကာနှင့် ဂျာမနီနိုင်ငံများသို့ တင်ပို့နေရကြောင်း သိရသည်။ ပြည်ပသို့တင်ပို့ရာတွင် ချင်း(ဂျင်း)စို၊ ချင်း(ဂျင်း)ခြောက် ပို့ကုန်လိုင်စင်လျှောက်ထားရာ၌ သီးခြားထောက်ခံချက် တင်ပြရန်မလိုဘဲ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ချင်း(ဂျင်း) စိုက်ပျိုးဧက ပျမ်းမျှ ၃၀၀၀၀ ခန့်ရှိပြီး တန်ချိန် ၇၀၀၀၀ ခန့်ထွက်ရှိ ကြောင်း၊ ထိုထဲမှ ပြည်တွင်းသုံးစွဲမှုတန်ချိန် ၂၀၀၀၀ ခန့်ရှိနေကာ ပြည်ပသို့ တင်ပို့လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ချင်း(ဂျင်း) တင်သွင်းသည့် နိုင်ငံပေါင်း ၁၃၄ နိုင်ငံရှိကြောင်း၊ အများဆုံးတင်သွင်းသည့် ၁၀ နိုင်ငံမှာ ပါကစ္စတန်၊ ဂျပန်၊ အမေရိကန်၊ မလေးရှား၊ နယ်သာလန်၊ အိန္ဒိယ၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ကနေဒါ၊ စင်ကာပူ နိုင်ငံတို့ဖြစ်သည်။ ကမ္ဘာ့ချင်း(ဂျင်း) တင်သွင်းသည့် နိုင်ငံများအနက် ပါကစ္စတန်နိုင်ငံသည် အများဆုံးဖြစ်ပြီး ၁၆ ဒသမ ၀၇ ရာခိုင်နှုန်းခန့်၊ အမေရိကန်နိုင်ငံက ၁၃ ဒသမ ၅၉ ရာခိုင်နှုန်းခန့်၊ မလေးရှားနိုင်ငံက ၇ ဒသမ ၉၅ ရာခိုင်နှုန်းခန့်၊ နယ်သာလန်နိုင်ငံက ၇ ဒသမ ၈၂ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများ အရ သိရသည်။

Source: https://www.thefarmermedia.com/news/12884

# နိုင်ငံတကာဈေးကွက်

## ဖိလစ်ပိုင်ဆန်တင်သွင်းမှု တန်ချိန် တစ်သိန်း ကျဆင်းမည်ဟု USDA ခန့်မှန်း

ဖိလစ်ပိုင်နိုင်ငံတွင် ဆန်လက်ကျန်များခြင်းနှင့် ပြည်တွင်းဆန်ထုတ်လုပ်မှုအလားအလာ ကောင်းခြင်းတို့ကြောင့် ၂၀၁၉-၂၀၂၀ ဈေးကွက်နှစ် ဆန်တင်သွင်းမှုမှာနှစ်အလိုက် ၃ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် မက်ထရစ်တန်ချိန် တစ်သိန်း ကျဆင်းလာနိုင်ကြောင်း အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန USDA ကခန့်မှန်းသည်။ USDA ၏နောက်ဆုံးထုတ် ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက်နှင့် ကုန်သွယ်မှုအစီရင်ခံစာ၌ USDA က ဖိလစ်ပိုင်ဆန်တင်သွင်းမှု လျော့ကျနိုင်သည့်တိုင် ဖိလစ်ပိုင်သည် ဆန်တင်သွင်းမှု ဒုတိယအများဆုံးအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏နောက်တွင် ရပ်တည်မည်ဟု ခန့်မှန်းသည်။ တရုတ်နိုင်ငံမှာ အဆိုပါဈေးကွက်နှစ်အတွင်း ဆန်တန်ချိန် လေးသန်း တင်သွင်းဖွယ်ရှိသည်။

ဖိလစ်ပိုင်သည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အနည်းငယ်အတွင်း ဆန်တင်သွင်းမှု တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခဲ့သည်။ ၂၀၁၈-၂၀၁၉ ဈေးကွက်နှစ်တွင် ဆန်တင်သွင်းမှု မက်ထရစ်တန်ချိန် ၂ ဒသမ ၈ သန်းရှိခဲ့ရာ တန်ချိန် ၂ ဒသမ ၅ သန်းနှင့် တန်ချိန် ၁ ဒသမ ၂ သန်းအသီးသီးရှိခဲ့သော ၂၀၁၇-၂၀၁၈ ဈေးကွက်နှစ်နှင့် ၂၀၁၆-၂၀၁၇ ဈေးကွက်နှစ်များထက် သိသာစွာ ပိုများခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်တွင်းဆန်အထွက် တိုးတက်မှုကြောင့် ဆန်များပြားလာနိုင်၍ တင်သွင်းမှု ကျဆင်းနိုင်ကြောင်း USDA က ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ "ပမာဏအကန့်အသတ်နဲ့သာ ဆန်တင်သွင်းခွင့်ပြုတဲ့နေရာမှာ အခွန်စနစ်အစားထိုးလာပါပြီ။ ဒီအခွန်စနစ်မှာ အရှေ့တောင်အာရှအဖွဲ့ဝင် နိုင်ငံတွေအတွက် အခွင့်အရေးပိုပေးထားပါတယ်" ဟု USDA က ဖော်ပြသည်။ တစ်ဖက်၌ ဖိလစ်ပိုင်၏ ဆန်စားသုံးမှုမှာ ယခင်ဈေးကွက်နှစ်က တန်ချိန် ၁၃ ဒသမ ၉ သန်းရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဈေးကွက်နှစ်တွင် လေးရာခိုင်နှုန်းနီးပါးမြင့်တက်ပြီး တန်ချိန် ၁၄ ဒသမ ၄၅ သန်းရှိလာနိုင်ကြောင်း ခန့်မှန်းသည်။ စားသုံးမှု မြင့်လာရခြင်းမှာ ပြည်တွင်း၌ ဆန်ပေါများလာခြင်းနှင့် ဆန်တင်သွင်းရာတွင် ဈေးပိုသက်သာလာခြင်းတို့ကြောင့် ဖြစ်သည်ဟု USDA ကပြောသည်။ ၎င်းဘဏ္ဍာနှစ်အကုန် နိုင်ငံ၏ ဆန်လက်ကျန်မှာ ယခင်နှစ်ထက် ၁၄ ဒသမ ၂ ရာခိုင်နှုန်းပိုများပြီး တန်ချိန် ၃ ဒသမ ၆၃၄ သန်းရှိနိုင်မည်ဟု ခန့်မှန်းသည်။

ဖိလစ်ပိုင်တွင် စားသောက်ကုန်နှင့် မွေးမြူရေးအစာလုပ်ငန်းတွင် ဂျုံသုံးစွဲမှုမြင့်လာခြင်းကြောင့် ဂျုံတင်သွင်းမှုမှာ တန်ချိန် ခုနစ်သန်းအထိ စံချိန်တင်နိုင်မည်ဟု USDA က ကနဦးခန့်မှန်းချက်နှင့်မခြား ခန့်မှန်းခဲ့သည်။ ဖိလစ်ပိုင်သည် ၂၀၁၆ ခုနှစ်မှစ၍ ဂျုံတင်သွင်းမှု ဆက်တိုက်မြင့်တက်လာခဲ့သည်။ ဂျုံတင်သွင်းမှုမှာ ၂၀၁၆ ခုနှစ်က တန်ချိန် ၄ ဒသမ ၉၁၈ သန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၅ ဒသမ ၇၀၄ သန်းသို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၅ ဒသမ ၉၈၇

သန်းသို့လည်းကောင်း အသီးသီးမြှင့်တင်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံ၏ ဂျုံလိုအပ်ချက်အနက် ၉၅ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုထံမှ ဝယ်ယူလေ့ရှိသည်။ Source: https://www.thefarmermedia.com/news/13010

## ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေ

ဆန်တင်ပို့မှုအများဆုံး အိန္ဒိယနိုင်ငံတွင် ဝယ်လိုအားနည်းခြင်း၊ ငွေတန်ဖိုးပျော့ခြင်းတို့ကြောင့် ဆန်ပို့ကုန်ဈေးနှုန်းများ ငါးပတ်ဆက်တိုက်ကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံရှိ ပို့ကုန်လုပ်ငန်းများမှာ တရုတ်၊ အီဂျစ်တို့နှင့် ဆန်စာချုပ်သစ် ချုပ်ဆိုနိုင်ရေးမျှော်လင့်နေသည်။ အိန္ဒိယ၏ ငါးမှတ်ပေါင်းဆန်ဈေးနှုန်းသည် ယခင်သီတင်းပတ်က တစ်တန်လျှင် ၃၇၃-၃၇၆ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်၌ ၃၇၁-၃၇၄ ဒေါ်လာသို့လျော့ကျလာသည်။ "ဆန်ဈေးတွေက တစ်ပတ်ပြီး တစ်ပတ် ဆက်တိုက်ကျဆင်းလာတာကြောင့် ဝယ်လက်တွေက ဈေးထပ်ကျမလား မျှော်လင့်ချက်နဲ့ စောင့်ဆိုင်းနေကြပါတယ်"ဟု အန္ဒရပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ တရုတ်နိုင်ငံက ဆန်လက်ကျန်များကို အာဖရိကဝယ်လက်များထံသို့ တွန်းထိုးရောင်းချနေခြင်းကလည်း ဆန်ဈေးကို ကျဆင်းစေသည်ဟု ပို့ကုန်လုပ်ငန်းရှင်များကပြောသည်။

တစ်ပြိုင်နက်တည်းမှာပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကာလကြာရှည် ပိတ်ပင်ခဲ့သော ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုပေးရေး အစီအစဉ်ကို နွေစပါးပေါ်ပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ဆုံးဖြတ်မည်ဟု သိရသည်။ ယခင်သီတင်းပတ်က တိုက်ခတ်ခဲ့သော Fani ဆိုင်ကလုန်းမုန်တိုင်းသည် နွေစပါးဟက်တာ ၅၅၆၀၀ ရိတ်သိမ်းနေမှု ကို တစ်စိတ်တစ်ပိုင်း ပျက်စီးစေခဲ့သည်ဟု စိုက်ပျိုးရေးပညာပေးဌာန၏အကြီးအကဲ Mir Nurul Alam ကပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုတန်းဒေသရှိ တောင်သူများကို မုန်တိုင်းကုန်းတွင်းမဝင်မီ နွေစပါးရိတ်သိမ်းရန် ညွှန်ကြားခဲ့သဖြင့် ပျက်စီးမှုသက်သာခဲ့ကြောင်း ၎င်းကပြောသည်။ Fani ဆိုင်ကလုန်း မုန်တိုင်းသည် အလွန်ပြင်းသော မုန်တိုင်းကြီးအဖြစ် အိန္ဒိယသို့ ဝင်ရောက်ခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်သို့ အားပျော့သည့် မုန်တိုင်းအဖြစ် ဝင်ရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်းမပြောင်းလဲဘဲတစ်တန်လျှင် ၃၆၅ ဒေါ်လာတွင် ရပ်တည်ခဲ့သည်။ "ဗီယက်နမ် ဆန်ဈေးဟာ နှိုင်းယှဉ်ချက်အရ အနည်းငယ်မြင့်နေသေးတဲ့အတွက် အရောင်းနှေးနေပါတယ်။ အခုနှစ်နောက်ပိုင်းမှာတော့ တရုတ်ကို ဆန်တိုးမြှင့်ရောင်းချနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ဟိုချီမင်းစီတီးမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။ " တရုတ် ဆန်သွင်းကုန် လုပ်ငန်းရှင်များအဖွဲ့ဟာ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသကို အလည်အပတ်သွားရောက်ပြီး ဆန်စာချုပ် ချုပ်ဖို့ အခွင့်အလမ်း ရှာဖွေနေပါတယ်" ဟု ၎င်းကပြောသည်။

အီဂျစ်နိုင်ငံကလည်း ဗီယက်နမ်ထံမှ ၁၀-၁၂ မှတ် ဆန်အနည်းဆုံး တန်ချိန် ၂၀၀၀၀ ကို ဇူလိုင် ၂၅ မှသြဂုတ် ၂၀ အတွင်း အရောက်ပို့စနစ်ဖြင့် ဝယ်ယူရန်ပြင်ဆင်နေသည်ဟု ဗီယက်နမ်စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းရင်းမြစ် တစ်ခုက ပြောသည်။ ဗီယက်နမ်၏ ဧပြီလဆန်တင်ပို့မှုမှာ မတ်လနှင့် ကွာခြားခြင်းမရှိဘဲ ၆၉၃၀၀၀ တန်ရှိခဲ့ကြောင်း အကောက်ခွန်ဌာန၏ ကြာသပတေးနေ့ထုတ် စာရင်းများအရ သိရသည်။ ယခုနှစ် ပထမလေးလအတွင်း ဗီယက်နမ်၏ ဆန်တင်ပို့မှုမှာနှစ်အလိုက် ၅ ဒသမ ၁ ရာခိုင်နှုန်းဆင်းပြီး တန်ချိန် ၂ ဒသမ ၁ သန်းသာရှိခဲ့သည်။ ယခုလကုန်ပိုင်း နွေစပါးရိတ်သိမ်းမှုစတင်သည့်အခါ ဗီယက်နမ်၏ ဆန်ရောင်းလိုအား မြင့်တက်လာရန်ရှိသည်ဟု ကုန်သည်များက ပြောသည်။

ထိုင်းငါးမှတ်ဆန် ဘန်ကောက် FOB ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၈၅-၄၀၀ ဒေါ်လာတွင် ရပ်တည်နေသည်။ ဆန်ဝယ်လိုအား တိုးတက်မလာသော်လည်း ယခုနှစ်တွင် မိုးခေါင်မှုကြုံရနိုင်ခြင်းကြောင့် ဆန်ဈေးများ မြင့်တက်နိုင်သည်ဟု ထိုင်းကုန်သည်များက ပြောသည်။ " ဒီနှစ်မှာ မိုးအဝင်နောက်ကျမယ်။ ဒါကြောင့် မိုးခေါင်မှုကြုံရပြီး ဆန်ထုတ်လုပ်မှုနဲ့ အရည်အသွေးကိုထိခိုက်စေလိမ့်မယ်"ဟု ဘန်ကောက်နေကုန်သည်တစ်ဦးကပြောသည်။ ထိုင်းနိုင်ငံတွင် ကြာသပတေးနေ့က လယ်တွန်မင်္ဂလာပွဲတော်ကျင်းပခဲ့ပြီး တော်ဝင်နွားလားတစ်ရှဉ်းက ယခုနှစ်၌ ထိုင်းကောက်ပဲသီးနှံထုတ်လုပ်မှု ကောင်းနိုင် ကြောင်း နမိတ်ပြခဲ့သည်။

Source: https://www.thefarmermedia.com/news/12954

## အိန္ဒိယက တောင်သူထောက်ပံ့ရေးအတွက် ဂျုံတင်သွင်းခွန်ကို တိုးမြှင့်

ကမ္ဘာ့ဂျုံထုတ်လုပ်မှု ဒုတိယအများဆုံး အိန္ဒိယနိုင်ငံသည် ပြည်တွင်းတောင်သူများကို ပံ့ပိုးရန် ဂျုံတင်သွင်းခွန်ကို ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ မြှင့်တင်လိုက်ကြောင်း အစိုးရက သောကြာနေ့တွင် ထုတ်ပြန်သည်။ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြမိုဒီသည် အထွေထွေရွေးကောက်ပွဲကျင်းပနေချိန်လည်းဖြစ်သဖြင့် တောင်သူအလိုမကျမှုကိုဖြေရှင်းရန် ယခုလို ဂျုံတင်သွင်းခွန်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်က ထုတ်လုပ်သည့်ဂျုံများ များပြားနေခြင်းနှင့် ယခုနှစ်တွင်လည်း အထွက်

စံချိန်တင်ရန် ရှိခြင်းတို့ကြောင့် အိန္ဒိယပြည်တွင်းဂျုံဈေးများမှာ ၂၀၁၉ ခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဂျုံတင်သွင်းခွန် မြင့်တင်လိုက်ခြင်းကြောင့် ဂျုံမှုန့် လုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဂျုံဈေးကျနေသည့်တိုင် ဂျုံတင်သွင်းရေးအခက်တွေ့လာမည် ဖြစ်ပြီး ၄င်းက ကမ္ဘာ့ဂျုံဈေးကွက်အပေါ်ကိုလည်း သက်ရောက်စေမည်ဖြစ်သည်။ "ပြည်တွင်းဂျုံထုတ်လုပ်မှု ပိုကောင်းလာပါ တယ်။ အစိုးရဟာ ဂျုံဈေးကို အခြေခံသတ်မှတ်ချက်နှုန်းအထက် ရောက်အောင် ကြိုးပမ်းနေပါတယ်" ဟု မွန်ဘိုင်းမြို့ Inditrade Derivatives & Commodities လုပ်ငန်းမှ ကုန်စည်နှင့် ငွေကြေးဌာန အကြီးအကဲ Harish Galipelli က ပြောသည်။

အိန္ဒိယသည် ရာသီသစ်ထွက်ရှိသည့် ဂျုံများအားတောင်သူထံမှ ဝယ်ယူမည့် အခြေခံဈေးကို ၂၀၁၉ ခုနှစ်အတွက် ခြောက်ရာခိုင်နှုန်းတိုးမြှင့်ပေးကာ ကီလို ၁၀၀ လျှင် ရူပီး ၁၈၄၀ သို့ သတ်မှတ်ပေးခဲ့သည်။ အစိုးရသည် စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ် တစ်ခု အတွက် ဂျုံသီးနှံအရန်ထားရှိရန် တောင်သူထံမှ ဂျုံလေးပုံတစ်ပုံကို အခြေခံသတ်မှတ်နှုန်း အတိုင်း ပေးချေဝယ်ယူလေ့ရှိသည်။ အိန္ဒိယ၏ ၂၀၁၉ ခုနှစ် ဂျုံထုတ်လုပ်မှုမှာ ယခင်နှစ်ထက် နှစ်ရာခိုင်နှုန်းမြင့်တက်၍ တန်ချိန် ၉၉ ဒသမ ၁၂ သန်းအထိ စံချိန်တင်မည်ဟု စိုက်ပျိုးရေး ဝန်ကြီးဌာန၏ခန့်မှန်းချက်အရ သိရသည်။ အိန္ဒိယနိုင်ငံတွင် တစ်ရာသီလျှင် ဂျုံကို တစ်ကြိမ်သာ စိုက်ပျိုးပြီး အောက်တိုဘာလနှောင်းပိုင်းတွင် သီးနှံစတင်ကာ မတ်လတွင် ရိတ်သိမ်းလေ့ရှိသည်။ ဧပြီလ ၁ ရက်နေ့စာရင်းအရ အစိုးရ၏ဂျုံလက်ကျန်သည် တန်ချိန် ၁၇ သန်းရှိနေရာ ယခင်နှစ် အလားတူ ကာလထက် ၁၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ "ဂျုံတင်သွင်းခွန်က ၄၀ ရာခိုင်နှုန်းဆိုတော့ ဂျုံမှုန့်လုပ်ငန်းတွေဟာ တင်သွင်းဖို့ အဆင်မပြေ တော့ပါဘူး။ ပြည်တွင်းသီးနှံကို ဝယ်လာကြရမယ်" ဟု မွန်ဘိုင်းမြို့ ကုန်သည်တစ်ဦး ကပြောသည်။



Source: https://www.thefarmermedia.com/news/12877

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ရာသီပေါ် သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်းစိုက်ပျိုး ထွက်ရှိမှုအပေါ် မူတည်ပြီး ပြောင်းလဲသတ်မှတ်

ရာသီပေါ် သီးနှံများကို အချိန်ကာလ သတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်းစိုက်ပျိုး ထွက်ရှိမှုအပေါ်မူတည်ကာ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။ ပြည်ပမှ သစ်သီးဝလံများ တင်သွင်းခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပြီး သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော သီးနှံများ တင်သွင်းမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၏ တင်သွင်းခွင့် ထောက်ခံချက် လက်မှတ်နှင့်အတူ လိုင်စင် လျှောက်ထားရ မည် ဖြစ်သည်။

မြန်မာနိုင်ငံက ထွက်ရှိသော သီးနှံများနှင့် ပတ်သက်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့် မပြုသောပစ္စည်း ၁၅ မျိုးနှင့် ပင်လယ်ရေကြောင်းမှ တင်သွင်းခွင့်မပြုသော ပစ္စည်း ၁၄ မျိုးတို့ကို ကုန်သွယ်ရေးဦးစီးဌာနမှ သတ်မှတ် ထုတ်ပြန်ထားခဲ့သော်လည်း ပြည်တွင်းစားသုံးမှု လိုအပ်ချက် အရဟုဆိုကာ အချို့သော ရာသီကာလအတွင်း ပြည်တွင်း၌ ထွက်ရှိမှုမရှိသည့် သီးနှံများကို နယ်စပ် ဒေသများမှ တစ်ဆင့် တင်သွင်းခွင့် ပြုခဲ့ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။ " ဟင်းသီးဟင်းရွက် အစိမ်း ကအစ နိုင်ငံခြားကဝင်တယ်။ ပြီးတော့ တန်ဖိုးမြင့်တွေကျလည်း ဝင်တယ်ဆိုတော့ ပြည်တွင်း က လူတွေလုပ်ကိုင်ဖို့က နည်းနည်းတော့ ခက်လာတဲ့ သဘောပေါ့။ ပြည်တွင်းကထွက်နေ တဲ့ သီးနှံတွေဆိုရင် ရာသီအလိုက်ပေးမသွင်းတဲ့ နည်းလမ်းတွေကတော့ ကောင်းပါ တယ်။ တချို့ဟာတွေလည်း တစ်ခြားတိုင်းပြည်က သူတို့ဆီကလည်း မထွက်ဘဲနဲ့ သူတို့ဟာပါ ဆိုတာ မျိုးဆိုရင်တော့ ပေးမသွင်းဖို့ လိုတယ် " ဟု ၎င်းက ပြောသည်။



လက်ရှိတွင် သီးနှံ အမျိုးပေါင်း ၂၀ ကို ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့ရာ ပန်းသီး၊ သစ်တော်သီး၊ စပျစ်သီး၊ ချယ်ရီသီး၊ မန်းကျည်းချိုသီး၊ စွန်ပလွန်သီး စသည်တို့ကို နယ်စပ်စခန်းအားလုံးမှ ရာသီမရွေး တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်သူက ပြောသည်။ ယင်းအပြင် ပျားလိမ္မော်သီးကို မတ်လမှ စက်တင်ဘာလ အထိ၊ ဒူးရင်းသီးကို စက်တင်ဘာလမှ

ဧပြီလအထိ၊ တည်သီး၊ သလဲသီးကို ရာသီမရွေး၊ နဂါးမောက်သီးကို ဒီဇင်ဘာလမှ မေလအထိ၊ ဆန်းကစ်သီးကို ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ၊ ခြင်းလိမ္မော်သီး(လိမ္မော်သီး အသေး)ကို တစ်နှစ်ပတ်လုံး၊ လောင်ဂန်သီးနှင့် ရေင်န်သီးများကိုတစ်နှစ်ပတ်လုံး၊ မင်းကွတ်သီးကို ဇန်နဝါရီလမှ မတ်လအထိ၊ အောက်တိုဘာလမှ ဒီဇင်ဘာလ အထိနှင့် ပိန္နဲသီးကို ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ နယ်စပ်စခန်းအားလုံးမှ တင်သွင်းခွင့်ပြုခဲ့ကြောင်း သိရ သည်။

ထို့ပြင် ကြက်မောက်သီးကို တာချီလိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ စက်တင်ဘာလမှ မတ်လကုန်အထိ မြဝတီစခန်းမှလည်းကောင်း၊ မင်းကွတ်သီးကို တာချီလိတ်စခန်းမှ ရာသီမရွေး၊ သံပရိုသီးကို တာချီလိတ်စခန်းမှ တစ်နှစ် ပတ်လုံး၊ ဒီဇင်ဘာ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကျန်စခန်းများမှလည်းကောင်း၊ သရက်သီးကို တာချီ လိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ အောက်တိုဘာလမှ ဧပြီလအထိ ကျန်စခန်းများမှလည်းကောင်း အသီးသီးဖြေလျော့၍ တင်သွင်းခွင့်ပြုခဲ့သည်။ ယင်းသီးနှံများ ပြည်ပမှ တင်သွင်းခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သောသီးနှံများ တင်သွင်းမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေး ဦးစီး ဌာန၏ တင်သွင်းခွင့် ထောက်ခံချက် လက်မှတ်နှင့်အတူ သွင်းကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

Source:http://amiamyanmar.com/detail.aspx?id=8038

## တောင်ကိုရီးယားနိုင်ငံသို့ ရွှံယိုသီးဖျော်ရည်တင်ပို့ဖို့ စက်ရုံတည်ဆောက်မည်

တောင်ကိုရီးယားနိုင်ငံကို ရွှံယိုသီးဖျော်ရည်တင်ပို့နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရွှံယိုသီးဖျော်ရည်ထုတ်စက်ရုံကို ဒီနှစ်အတွင်း တည်ဆောက်ဖို့အစီအစဉ်များ စတင်လုပ်ဆောင်နေတယ်လို့ ဒန့်သလွန်သီးနှင့် ရွှံယိုသီးထုတ်လုပ်သူများနှင့် တင်ပို့သူများအစုအဖွဲ့မှ အလုပ်အမှုဆောင် ကိုဇော်လင်းထွန်းက ပြောပါတယ်။ အဆိုပါစက်ရုံကို လာမည့် ဇူလိုင်လမှာ စတင်လည်ပတ်မှာဖြစ်ပြီး စက်ရုံမှထုတ်လုပ်တဲ့ ရွှံယိုသီးဖျော်ရည်များကိုတော့ တောင်ကိုရီးယားနိုင်ငံကိုဒီနှစ်အတွင်း တင်ပို့မယ်လို့သိရပါတယ်။"တောင်ကိုရီးယားကိုထုတ်ကုန်တွေတင်ပို့မယ်ဆိုတဲ့



ရည်ရွယ်ချက်နဲ့ ဒီရွှံယိုသီးဖျော်ရည်ထုတ်စက်ရုံကို တည်ဆောက်ဖို့ ကြိုးပမ်းအား ထုတ်နေပါတယ်။ ရွှံယိုသီး ထုတ်ကုန်တွေကို ပြည်ပကို သာမက ပြည်တွင်းမှာလည်း ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။ စက်ရုံ တည်ဆောက်တဲ့အခါမှာလည်း အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲမှု ဦးစီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့ တည်ဆောက်မှာ ဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံက အသင်းအဖွဲ့တွေကလည်း အရည်အသွေးပိုင်းကို စစ်ဆေးမှာဖြစ်ပြီး ဒီနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံကို တင်ပို့နိုင်မှာ ဖြစ်တယ်" လို့ ကိုဇော်လင်းထွန်း က ပြောပါတယ်။

လက်ရှိအချိန်မှာ တောင်ကိုရီးယားနိုင်ငံကို ရွှံယိုသီးဖျော်ရည်များ အဓိက တင်ပို့နေတာကတော့ ကမ္ဘောဒီးယားနိုင်ငံဖြစ်ပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံအနေနဲ့ ဈေးကွက်မှာ ၎င်းနိုင်ငံကို ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ "ကျွန်တော်တို့အနေနဲ့ ထုတ်ကုန်ရဲ့ အရည်အသွေးပိုင်းကို ကောင်းမွန်အောင် ကြိုးစားရမှာဖြစ်ပြီး ပြည်ပနိုင်ငံတွေက သတ်မှတ်ထားတဲ့ ဈေးနှုန်းကိုလည်း ယှဉ်ပြိုင်နိုင်ပါတယ်" လို့ ကိုဇော်လင်းထွန်းက ပြောပါတယ်။ မြန်မာနိုင်ငံမှ ရွှံယိုသီးခြောက်များကို ထိုင်းနိုင်ငံက ဝယ်ယူပြီးနောက် အခြားနိုင်ငံများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြန်လည်တင်ပို့တာ ဖြစ်ပါတယ်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1957

## ပြည်ပရင်းနှီးမြှုပ်နှံသူများက တန်ဖိုးမြင့် နာနတ်သီးထုတ်ကုန်ထုတ်လုပ်ဖို့ စိတ်ဝင်စား

နာနတ်သီးမှ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရန် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလျက်ရှိပြီး လာရောက်ဆက်သွယ်မှုများရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ရဲ့ ပြောပြချက်အရ သိရပါတယ်။ ပြည်တွင်းမှ နာနတ်သီး စိုက်ပျိုး ထွက်ရှိမှု လုံလောက်တဲ့အပြင် ပြည်တွင်းပြည်ပဈေးကွက်များအတွင်း လိုအပ်မှုများပြားလာတဲ့အတွက် နောက်ပိုင်းမှာ စက်မှုကုန်ကြမ်းသီးနှံ အဖြစ်လည်းဆောင်ရွက်သွားမယ်လို့သိရပါတယ်။ နာနတ်သီးကနေ တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်ဖို့



နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်တစားလာရောက် မေးမြန်းကြပါတယ်။ ပြည်တွင်းမှာတော့ နာနတ်သီးက စိုက်ပျိုးမှု အထွက်ကောင်းပြီး လုံလောက်တဲ့ အခြေအနေရှိတော့ အဆင်ပြေ တယ်လို့ ဦးစိုးသန်းမင်းဒင်က ပြောပါတယ်။ လက်ရှိ ပြည်တွင်းမှ ထွက်ရှိတဲ့ နာနတ်သီးကို တရုတ်နိုင်ငံဆီ အလုံးလိုက် တင်ပို့နေပြီး နောက်ပိုင်းမှာ နာနတ်သီး Juice အဖြစ် တင်ပို့နိုင်ဖို့ ရည်မှန်းထား ပါတယ်။

ပြည်ပဈေးကွက်အလားအလာရှိတဲ့သီးနံတွေကို မြန်မာ့သစ်သီးဝလံနဲ့ သက်ဆိုင်တဲ့ စံချိန် စံညွှန်းများအဖြစ် ရေးဆွဲဖို့ စီစဉ်နေတဲ့အပြင် သစ်သီးဝလံ ၄၃ ခုကို စံချိန်စံညွှန်းရေးဆွဲခဲ့ပြီးဖြစ်ကာ နာနတ်သီးနံကို ဆက်လက်ရေးဆွဲဖို့ စတင်နေပါတယ်။ ရေးဆွဲတဲ့အခါမှာ နိုင်ငံတကာစံချိန်စံညွှန်း အတွင်းမှ မြန်မာနိုင်ငံနဲ့ ကိုက်ညီတာတွေကို ထည့်သွင်းရေးဆွဲ ထားခြင်း ဖြစ်ကြောင်း၊ နာနတ်သီးနံကို စံချိန်စံညွှန်းရေးဆွဲပြီးပါက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရာတွင်ပိုမိုလွယ်ကူမှာ ဖြစ်တယ်လို့ သိရပါတယ်။

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1971-pineapple-product.html

## သစ်သီးဂလံ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သစ်သီးဂလံထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲ (Upgrading Horticulture Supply Capacity and Responsible Toursim to Develop Business Linkages) ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တောင်ကြီးမြို့ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုးညွှန့်လွင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်၊ UNOPS မှ Country Director, Mr. Andrew Kirkwood နှင့် Swiss Embassy မှ Deputy Head of Mission, Mr. Giacomo Solari တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံအစိုးရနှင့် နည်းပညာ အကူအညီပေးသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNCTAD, UNIDO. ITC, ILO နှင့် UNOPS တို့မှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် NGOs များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၈၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။



စီမံကိန်းကို ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNCTAD, UNIDO, ITC, ILO, UNOPS တို့၏ နည်းပညာအကူအညီနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးကန် ဒေသအနီးတစ်ဝိုက်တွင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ စီမံကိန်း ကာလသည် ၄ နှစ်ဖြစ်ပြီး စီမံကိန်းမှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးကန်ဒေသတွင် သစ်သီးဂလံပန်းမန်လ် စိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ရန် နှင့် ခရီးသွားလုပ်ငန်းအား ဖွံ့ဖြိုး တိုးတက်စေရန်၊ စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်စေရန်နှင့် မြှင့်တင်ပေးရန် ရည်ရွယ်သည်။ စီမံကိန်းဆောင်ရွက် ချက်များသည် အကျိုး ခံစားခွင့်ရှိသည့် ဒေသခံရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်၍ ဝင်ငွေရရှိအောင် ဖန်တီးပေးခြင်းနှင့် အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ဆင်းရဲမှုကို လျော့ချပေးနိုင်ရန်ဖြစ်သည်။



ယခုကာလသည် စီမံကိန်း၏ Incpption Phase ကာလဖြစ်ပြီး စီမံကိန်းအကောင် အထည်ဖော်မှု ပထမအဆင့်တွင် UNIDO, UNCTAD, ILO နှင့် ITC မှ  Field Assessment မစ်ရှင်အဖွဲ့ ၂ ကြိမ်လာရောက်ပြီး သတင်းအချက်အလက် ကောက်ယူခြင်း၊ ဦးစားပေးကုန်စည်များနှင့် ခရီးသွား လုပ်ငန်းကဏ္ဍ အတွက် Rapid Market Assessment နှင့် Market System Analysis တို့ကို ပြုစုခဲ့ပြီးဖြစ်သည်။ ထို့အတူ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်များက အစားအသောက် ဘေးကင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို လေ့လာစစ်တမ်းပြုစုခဲ့ပြီးဖြစ်သည်။

အဆိုပါလေ့လာတွေ့ရှိချက်များအရ ကနဦးအစီရင်ခံစာ (Inception Report) နှင့် နှစ်အလိုက် လုပ်ငန်းစီမံချက် တွေကိုလည်း ရေးဆွဲပြီးဖြစ်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ကနဦးအစီရင်ခံစာ မူကြမ်းအပေါ် ရှင်းလင်းဆွေးနွေးခြင်း၊ စီမံကိန်းမှ ဦးစားပေးကူညီထောက်ပံ့ပေးမည့် နယ်ပယ်များအား ရှင်းလင်းတင်ပြခြင်းနှင့် နှစ်အလိုက်လုပ်ငန်းစီမံချက်နှင့် ဘတ်ဂျက် လျာထားမှုများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကျွမ်းကျင် ပညာရှင်များက ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အကြံပြု ပြန်လည်ဆွေးနွေး၍ ညှိနှိုင်းသဘောတူညီမှု ရယူခဲ့ပါသည်။ ဆွေးနွေးသဘောတူညီမှုရရှိပြီးသည့် အပြီးသတ် အစီရင်ခံစာ၊ နှစ်အလိုက်လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်လျာထားချက်များကို ဇွန်လအတွင်းတွင် ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့ရှိ UN Cluster on Trade and Productive Capacity Project ၏ Global Management Board သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ပါသည်။

Source: NES Unit

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာ့ရေှတ်သီးကို ထိုင်းနိုင်ငံကိုစတင် တင်ပို့

ယခုလအတွင်း မြန်မာ့ရှောက်သီးကို ထိုင်းနိုင်ငံကိုစတင် တင်ပို့နေပြီဖြစ်ကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း မှသိရပါတယ်။ မြန်မာ့ရှောက်သီးကို ဧပြီလအတွင်းမှ စတင်ကာ ထိုင်းနိုင်ငံကို တင်ပို့နေပြီး အခြားနိုင်ငံများကိုလည်း ဆက်လက်တင်ပို့သွားမှာဖြစ်ကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်ဉမ္မာကျော်ကပြောပါတယ်။" အခုဒီလအတွင်းမှာ မြန်မာ့ရှောက်သီးကို နယ်စပ်ကနေမှတစ်ဆင့် ထိုင်းကို စတင်တင်ပို့နေပြီ။ အခြား နိုင်ငံတွေကိုလည်း တင်ပို့ဖို့ အတွက် စီစဉ်လုပ်ဆောင်နေတယ်။ ငရုတ်သီးကလည်း အခုဒီရက်ပိုင်းအတွင်းမှာ ဝယ်လိုအားကလည်း တအားလိုက်နေတယ်"ထိုင်းနိုင်ငံကို အခုလအတွင်းစတင်တင်ပို့ခဲ့ရာ တန်ချိန် (၃၀) ဝန်းကျင်တင်ပို့နိုင်ပြီဖြစ်ကြောင်းအဆိုပါ အသင်းမှသိရပါတယ်။

မြန်မာ့ရှောက်ကို ကျောက်ဆည် နဲ့ ရောဝတီတိုင်းဒေသကြီးမှာလည်း အများဆုံးစိုက်ပျိုးကြောင်း ငရုတ် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှသိရပါတယ်။ Source:https://www.facebook.com/gromaxxmyanmar/

## မိုခြောက်မှုန့်များကို ပြည်ပသို့တင်ပို့ရန် ဂျပန်ကုမ္ပဏီနှင့် MoU ရေးထိုး

ပြည်တွင်းကစိုက်ပျိုးထွက်ရှိသော မှိုခြောက်မှုန့် (ငွေနှင်းမှို၊ကြွက်နားရွက်မှို၊ ကောက်ရိုးမှို) မှုန့် များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ဂျပန်ကုမ္ပဏီတစ်ခုနှင့် MoU လက်မှတ်ရေးထိုးရေး စီစဉ်နေကြောင်း မြန်မာနိုင်ငံစားသုံးမှုအစုအဖွဲ့မှ သိရသည်။ ၎င်းတို့အနေဖြင့် မှိုခြောက်မှုန့်နမူနာများယူ၍ မလေးရှားသို့တင်ပို့ထားပြီး အိန္ဒိယ၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ကိုလည်း နမူနာများပေးပို့သွားမည်ဖြစ်ကာ မှိုခြောက်မှုန့်အပြင် ဒန့်သလွန်နှင့် ကြယ်ပဲကိုလည်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ "သူတို့ကို တိုက်ရိုက်တင်ပေ့ါ။ ပြီးမှပိုက်ဆံပေးချင်တဲ့သဘောပေ့ါ။ ကျွန်တော်တို့က အဲဒါကို လက်သင့် မခံဘူး။ ပစ္စည်းအရည်အသွေးကို သူတို့ကြိုက်တယ်။ Packing ကိုသူတို့က ပြောင်းခိုင်းတယ်။ Packing ကတော့ သူတို့သေချာရင် ပြောင်းလို့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ကသူတို့နဲ့ သိပ်မသေချာသေးတော့ ယုံကြည်မှုအားနည်းတာပေ့ါ။ ဒီကထွက်သမျှ မှိုဆိုရင်လည်း မှိုခြောက်၊ မှိုမှုန့် အပြတ်ရောင်းမယ်။ သူ့ဟာသူ Packing လုပ်ပြီး ပြန်ရောင်းပေ့ါ။ တကယ်လို့ ပြန်ရောင်းမယ် ဆိုရင် အန်ကယ်တို့အသင်းအနေနဲ့ ဒီကနေ ထောက်ခံပေးမယ်။ မြန်မာမှိုဆိုပြီးတော့ပေ့ါ"ဟု မြန်မာနိုင်ငံစားသုံးမှိုအစုအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှိုများကို အခြောက်လှန်းကာ ပေါက်ဒါမှုန့် ပြုလုပ်၍ ဟင်းခတ်မှုန့် အဖြစ်အသုံးပြုခြင်းတွင်ကျယ်လာသည့်အတွက် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရ သည်။ လက်ရှိတွင် မြန်မာနိုင်ငံကထွက်ရှိသော မှိုခြောက်မှုန့်များကို ပြည်ပနိုင်ငံများရှိ ကုန်တိုက်များတွင် တိုက်ရိုက်တင်ပို့၍ ၂၀ ရာခိုင်နှုန်းကို ၎င်းတို့ယူမည့်ပုံစံဖြင့်လည်းကောင်း၊ အကြွေးစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ "အဲဒါကိုလည်း ကျွန်တော်တို့က ဒီအတိုင်းမလုပ်ချင်ဘူး။ MoU ထိုးခိုင်းမယ်။ ဒီလဘယ်လောက် ထွက်မယ်။ ဘယ်လောက်ယူမယ်ပေ့ါ။ သူတို့လာမယ့်ဒီနှစ်ပတ်အတွင်း ပြန်လာမယ်ပြောတယ်။ အဲဒါကို အမည်တစ်မျိုး စီလုပ်ရမှာပေ့ါ။ ဒန့်သလွန်မှုန့်ဆိုရင် ဒန့်သလွန်အရွက်ခြောက်မှုန့်၊ မှိုဆိုရင် မှိုတစ်ခါလုပ်မယ်။ အဲ့ဒါကို ထုတ်လုပ်သူနဲ့ စိုက်ပျိုးတဲ့ တောင်သူတွေခေါ်ပြီးတော့ သူတို့ရှေ့မှာပဲ တိုက်ရိုက်ချိတ်ဆက်မယ်။ သူတို့ဆီကနေ ကိုတာတောင်းမှာပေ့ါ။ တစ်လ ဘယ်လောက်ထုတ်ရမယ်။ ဈေးနှုန်းကိုလည်း ခြောက်လတစ်ကြိမ် လုပ်ဆောင်သွားမယ်"ဟု ဦးတင်အောင်ကပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်အတွင်း မှိုတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး ရန်ကုန် ဈေးကွက်အတွင်းသို့ နေ့စဉ်မှိုပိဿာချိန် ၆၀၀၀ မှ ၇၀၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

Source: https://www.thefarmermedia.com/news/12934

## ရေချိုငါးများ မွေးမြူပြီး ဥရောပသို့ တင်ပို့နိုင်ပါက ဈေးကွက်အား ကောင်းလာနိုင်

ဥရောပရှိ ငါးဈေးကွက်တွင် ရေချိုငါး စားသုံးမှုများသည့်အတွက် ပြည်တွင်း၌ ရေချိုငါးများ မွေးမြူတင်ပို့နိုင်ပါက ဈေးကွက်အား ကောင်းလာနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်၏ ပြောဆိုချက်အရ သိရသည်။

